# ငါးမိနစ်ရုပ်ရှင်

တဆိတ်လောက် ပါးစပ်ပေါက်တွေကို ပိတ်ထားစမ်းပါ
ဘယ်သူမှလည်း တန်ခိုးရှင်မဟုတ်ဘူး
ဘယ်သူမှလည်း လူနုံလူအတွေ မဟုတ်ဘူး
ဘောလုံးသမားတစ်ယောက်လို
အလိမ်အကောက်တွေနဲ့ လှည့်ဖြားနေတာမျိုးဆို
ကျုပ်အမုန်းဆုံးပဲ
အိမ်ခေါင်မိုးပေါ် နှင်းတွေသည်းပြနေပုံမျိုးနဲ့
အဲဒီမီးတောက်တွေ ငြိမ်းသွားမှာမဟုတ်ဘူး
အိုးမဲ့အိမ်မဲ့ ခွေးတစ်ကောင်
ဓာတ်ငွေ့ကုန်နေတဲ့ မီးခြစ်တစ်လုံး
ဓာတ်ခဲကုန်နေတဲ့ နာရီနဲ့
အရိုးပေါ် အရေတင်နေတဲ့ မျက်နှာများ
တကယ်တော့
ကျုပ်တို့အားလုံး တစ်ယောက်ကိုတစ်ယောက် လှည့်စားနေကြတာ
မဟုတ်လား
အခု ခင်ဗျားရပ်နေတာက အီဖယ်မျှော်စင်ပေါ်မှာ မဟုတ်ဘူး
ပြည်တွင်းစစ်အတွင်း ကြွင်းကျန်ခဲ့တဲ့ တင့်ကားပျက်တစ်စီးပေါ်မှာ။

(၂၀၁၂ ခုနှစ် ဒီဇင်ဘာလထုတ် သရဖူမဂ္ဂဇင်း)

မှတ်ချက်။ ။ယင်းကဗျာကို မူလက ၁၉၉၉ ဒီဇင်ဘာလထုတ်
သောင်းပြောင်း ထွေလာ ရယ်စရာမဂ္ဂဇင်း၏
တစ်ကိုယ်တော်ကဗျာပြပွဲအတွက် ဖော်ပြရန် ရွေးချယ်ခြင်းခံရသော်လည်း
ယင်းအချိန်က ပုံနှိပ်ဖော်ပြခွင့်မရခဲ့။